WORLD BANK GROUP

သတင်းထုတ်ပြန်ချက်

# ဆင်းရဲမှု လျှော့ချရန် ဆန်စပါး ပြည်ပတင်ပို့မှုကို နှစ်ဆမြှင့်တင်နိုင်မည့် အခွင့်အလမ်းများကို အသုံးချရန် လိုအပ်

## တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ဆန်စပါး ပြည်ပတင်ပို့မှု မဟာဗျူဟာတစ်ရပ် ဖြစ်ပေါ်လာရန် လိုအပ်သည်ဟု အစီရင်ခံစာအသစ်က အကြံပြုထားသည်

**၂၀၁၄ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ရန်ကုန်** - မြန်မာနိုင်ငံသည် ဆန်စပါး ပြည်ပတင်ပို့မှုကို နှစ်ဆမြှင့်တင်နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (Livelihoods and Food Security Trust Fund) နှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲ ရေးသားထားသည့် အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။ ထိုသို့ မြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံသည် ဆန်စပါး ထုတ်လုပ်မှုကို တိုးမြှင့်သွားရန်၊ ဆန်စပါးကြိတ်ခွဲသည့် လုပ်ငန်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားရန်၊ ပြည်ပတင်ပို့ရာတွင် ကုန်ကျစရိတ်များကို လျှော့ချသွားရန် တို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နိုင်ပါက ကျေးလက်တွင် အဓိက နေထိုင်သည့် အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်သွားနိုင်မည်ဟု အစီရင်ခံစာသစ်က ဖော်ပြထားသည်။

မြန်မာနိုင်ငံ အစိုးရ၏ အဓိက ဦးစားပေး လုပ်ငန်းများအနက် လယ်ယာထုတ်ကုန် တိုးမြှင့်ထုတ်လုပ်ရေးနှင့် ဆန်စပါး ပြည်ပတင်ပို့မှု မြှင့်တင်နိုင်ရေးသည် ထိပ်တန်းမှ ပါဝင်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဆန်စပါး တန်ချိန် လေးသန်းအထိ တိုးမြှင့်တင်ပို့နိုင်ရန် ရည်မှန်း ဆောင်ရွက်လျက်ရှိသော်လည်း လွန်ခဲ့သောနှစ်များအတွင်း အမှန်တကယ် ပြည်ပတင်ပို့နိုင်မှုမှာ တစ်နှစ် လျှင် ၁.၃ တန်ခန့်သာ ရှိပါသည်။

လက်ရှိ ပြည်ပ တင်ပို့မှုသည် အရည်အသွေးနိမ့်သည့် ဆန်စပါး ထုတ်လုပ်မှုအပေါ် အလေးသာလျက်ရှိပြီး အဓိကအားဖြင့် အာဖရိကတိုက်နှင့် တရုတ်နိုင်ငံများသို့ တင်ပို့ ရောင်းချလျက်ရှိသည်။ အကျိုးဆက်အားဖြင့် တောင်သူလယ်သမားများအတွက် အကျိုးအမြတ်အနည်းငယ်သာ ရရှိနိုင်ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာရန် မဖြစ်နိုင်ပါ။ အရည်အသွေးနိမ့် ဆန်စပါးများကို ပြည်ပဈေးကွက် ဝယ်လိုအား နည်းလာခြင်းကလည်း အခြေအနေကို ပိုမို ဆိုးရွားစေပါသည်။

"လက်ရှိအချိန်ဟာ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဆန်စပါး ပြည်ပတင်ပို့မှုကို တိုးတက်လာဖို့ အခွင့်အလမ်းတွေကို အသုံးချပြီး အခြေခံ လူတန်းစား တွေဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ ဝင်ငွေ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ဖို့ အချိန်ကောင်းဖြစ်ပါတယ်" ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံ ဆိုင်ရာ ဌာနေ ကိုယ်စားလှယ် မစ္စတာ ခန်သန် ရှန်ကာ က ပြောသည်။ ၎င်းက ဆက်လက်ပြီး " ဆန်စပါး ထုတ်လုပ်မှုက မြန်မာနိုင်ငံက လူဦးရေ ၇၀% မှီခိုနေရတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။ ဆန်စပါးပြည်ပ တင်ပို့မှု တိုးတက်လာပြီး အမြတ်အစွန်းတွေ ပိုရလာမယ်ဆိုရင် ကျေးလက်ဒေသမှာ နေထိုင်တဲ့ အခြေခံလူတန်းစားတွေအတွက် ဝင်ငွေတွေတိုးလာပြီး သူတို့ရဲ့ စားနပ်ရိက္ခာ ဖူလုံမှု အခြေအနေတွေကလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါဟာ လာမယ့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံမှာ အားလုံးပါဝင်နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်မှာ ဖြစ်ပါတယ် " ဟု ဆက်လက်ပြောကြားသည်။

လာမည့် ဆယ်နှစ်မှ ဆယ့်ငါးနှစ်ကာလအတွင်း မြန်မာနိုင်ငံသည် အထူးသဖြင့် ဥရောပနှင့် အာရှ နိုင်ငံ ဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်သည့် အလားအလာကောင်းများ ရှိနေပြီး ဝင်ငွေတိုးတက် ရှာဖွေနိုင်မည်ဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြထားပါသည်။ ဈေးကွက်သစ်များကို ရှာဖွေရာတွင် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် အတားအဆီးများဖြစ်သည့် လယ်ယာလုပ်ငန်းခွင်အဆင့် ထုတ်လုပ်မှုတွင် အထွက်နှုန်းနှင့် အရည်အသွေးနိမ့်ခြင်း၊ စပါးကြိတ်ခွဲမှုတွင် ဆန်စက်များ အလုံအလောက်မရှိခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှု နည်းပါးခြင်း၊ ဆန်စပါးပြည်ပ တင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းနှင့် အခြေခံအဆောက်အဦးဆိုင်ရာ ကုန်ကျစရိတ်များပြားခြင်းတို့ကို ကျော်လွှားနိုင်ရမည်ဖြစ်သည်။

ယခု အစီရင်ခံစာအရ ဆန်စပါးကြိတ်ခွဲသည့် လုပ်ငန်းတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်းသည် ဆန်စပါး ပြည်ပတင်ပို့ရာတွင် အရည်အသွေးပိုင်းဆိုင်ရာနှင့်အတူ အရေအတွက်ပိုင်းပါ တိုးတက်နိုင်မည့် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည်ပတင်ပို့ရာတွင် အခြေခံအဆောက်အဦများကို တိုးတက်အောင်ပြုလုပ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများကို လျှော့ချခြင်းသည်လည်း ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရာတွင် အားသာမှုကို ရရှိစေမည်ဖြစ်သည်။

အရည်အသွေးကောင်းသည့် ဆန်စက်များ တည်ထောင်ခြင်းနှင့် ပြည်ပတင်ပို့မှုနှင့် ကုန်သွယ်မှု ပြုလုပ်ရာတွင် ကုန်ကျစရိတ်နည်းပါးခြင်း၊ လယ်ယာလုပ်ငန်းခွင်အဆင့် ဆန်စပါး တိုးတက်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန် ကူညီခြင်း၊ ဆန်စပါး မျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ခြင်း အပါအဝင် စိုက်ပျိုးနည်းစနစ်များ ပြုပြင်ပြောင်းလဲခြင်း တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် အစဉ်အမြဲပြောင်းလဲနေတတ်သည့် ပြည်ပဖယ်လက်များ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် လုပ်ဆောင်ရမည်ဖြစ်သည်။

ဆန်စပါးထုတ်လုပ်မှု လုပ်ငန်း တစ်ခုလုံး (value-change) ခေတ်မီတိုးတက်စေရန်အတွက် ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ ရှိရန်လည်း အရေးကြီးသည့် အချက်တစ်ခုဖြစ်ပါသည်။

"ဆန်စပါးပြည်ပ တင်ပို့မှုကဏ္ဍ မြှင့်တင်နိုင်ရေးကို အထောက်အကူပြုနိုင်မယ့် မူဝါဒတွေ ရှိဖို့က အရေးကြီးတဲ့အတွက် ပြုပြင် ပြောင်းလဲမှုတွေ လုပ်ဖို့ လိုအပ်ပါတယ်" ဟု အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (Livelihoods and Food Security Trust Fund) ၏ ရန်ပုံငွေ ညွှန်ကြားရေးမှူး မစ္စတာ အင်ဒရူး ကရစ်ပုဒ် က ပြောသည်။ "ပြည်သူ့ဘဏ္ဍာငွေတွေကို မထိခိုက်ဘဲနဲ့  မူဝါဒ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ အတိုချုပ်ပြောရမယ်ဆိုရင် ပြည်ပပို့ကုန် တင်ပို့မှုကို မတားဆီးတဲ့ စီးပွားရေး မူဝါဒတွေရှိဖို့ လိုအပ်ပါတယ်။ ထို့အတူ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းကလည်း မြန်မာနိုင်ငံ ဆန်စပါး ပြည်ပတင်ပို့မှု ကို မြှင့်တင်နိုင်မှာ ဖြစ်ပြီး တောင်သူလယ်သမားများနဲ့ ကျေးလက်ဒေသမှာ နေထိုင်တဲ့ အခြေခံ လူတန်းစားတွေ အတွက် အကျိုးရရှိစေမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အစီရင်ခံစာ အပြည့်အစုံကို ဖတ်ရန် - http://documents.worldbank.org/curated/en/2014/02/19226579/myanmar-capitalizing-rice-export-opportunities**

ဆက်သွယ်ရန် - ရန်ကုန်
ဦးကျော်စိုးလင်း။ klynn@worldbank.org +95 9 203 1159

ဝါရှင်တန်
**Carl Hanlon** chanlon@worldbank.org
**Broadcast:** Mehreen Sheikh +1 (202) 458-7336, msheikh1@worldbank.org